# သတင်းအချက်အလက်နည်းပညာတက္ကသိုလ်

## တက္ကသိုလ်ပဋိညဉ်စာတမ်း(မူကြမ်း)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း(၁) | တက္ကသိုလ်တည်ထောင်ခြင်းနှင့်တည်နေရာ | |
| ၁-၁။ | အမည် | ၁ |
| ၁-၂။ | တက္ကသိုလ်တည်ထောင်ခြင်း | ၁ |
| ၁-၃။ | တက္ကသိုလ်တည်နေရာ | ၁ |
| ၁-၄။ | တက္ကသိုလ်အဖွဲ့နှင့်တက္ကသိုလ်တရားဝင်ရပ်တည်မှု | ၁ |
| ၁-၄-၁။ | တက္ကသိုလ်အဖွဲ့ | ၁ |
| ၁-၄-၂။ | တက္ကသိုလ်တရားဝင်ရပ်တည်မှု | ၂ |
| ၁-၅။ | သတင်းချက်အလက်နည်းပညာတက္ကသိုလ် ကိုယ်ပိုင်အမှတ်တံဆိပ် | ၂ |
| အခန်း(၂) | တက္ကသိုလ်၏ မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်နှင့်ရည်ရွယ်ချက်၊ ဆောင်ပုဒ် | |
| ၂-၁။ | မျှော်မှန်းချက် | ၂ |
| ၂-၂။ | လုပ်ငန်းတာဝန် | ၂ |
| ၂-၃။ | ရည်ရွယ်ချက် | ၃ |
| ၂-၄။ | ဆောင်ပုဒ် | ၃ |
| အခန်း(၃) | တက္ကသိုလ်ဖွဲ့စည်းပုံ | |
| ၃-၁။ | သင်ကြားရေးနှင့်သုတေသနဌာနများ | ၃ |
| ၃-၁-၁။ | မဟာဌာနမှူး (Dean)ရွေးချယ်ခန့်အပ်မှုစနစ်၊ သက်တမ်းနှင့်လုပ်ငန်းတာဝန် | ၄ |
| ၃-၁-၂။ | မဟာဌာနမှူးအဖြစ်မှ နှုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးခန့်အပ်ခြင်း | ၄ |
| ၃-၁-၃။ | ဌာနမှူးရွေးချယ်ခန့်အပ်မှုစနစ်၊ သက်တမ်း | ၄ |
| ၃-၁-၄။ | ဌာနမှူးအဖြစ်မှ နှုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးခန့် အပ်ခြင်း | ၅ |
| ၃-၂။ | သင်ကြားသင်ယူရေးဆက်စပ်ဌာနများ | ၅ |
| ၃-၂-၁။ | အားကစားဌာန | ၅ |
| ၃-၂-၂။ | စာကြည့်တိုက် | ၆ |

| | | |
|---|---|---|
| ၃-၂-၃။ | အရည်အသွေးအာမခံမှုဌာန | ၆ |
| ၃-၂-၄။ | ပုံနှိပ်ထုတ်ဝေရေးနှင့်ပြန်ကြားရေးဌာန | ၆ |
| ၃-၃။ | နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန | ၆ |
| ၃-၄။ | စီမံခန့်ခွဲရေးဌာနများ | ၇ |
| ၃-၄-၁။ | သင်တန်းရေးရာဌာန | ၇ |
| ၃-၄-၂။ | စီမံ၊ဘဏ္ဍာ ဌာန | ၇ |
| ၃-၄-၃။ | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန | ၈ |
| အခန်း(၄) | တက္ကသိုလ်အာဏာပိုင်အဖွဲ့များ (The Authorities) | |
| ၄-၁။ | တက္ကသိုလ်ကောင်စီ | ၈ |
| ၄-၁-၁။ | ဖွဲ့စည်းပုံ | ၈ |
| ၄-၁-၂။ | ကောင်စီအဖွဲ့ဝင်အဖြစ် ရွေးချယ်သတ်မှတ်ခြင်း | ၉ |
| ၄-၁-၃။ | အဖွဲ့ဝင်အဖြစ်မှနုတ်ထွက်ခြင်း၊ရပ်စဲခြင်းနှင့်အစားထိုးခန့်အပ်ခြင်း | ၉ |
| ၄-၁-၄။ | ကောင်စီအစည်းအဝေး | ၁၀ |
| ၄-၁-၅။ | တက္ကသိုလ်ကောင်စီ၏လုပ်ငန်းတာဝန်များ | ၁၀ |
| ၄-၂။ | တက္ကသိုလ်ပညာရေးအဖွဲ့ | ၁၁ |
| ၄-၂-၁။ | ဖွဲ့စည်းပုံ | ၁၂ |
| ၄-၂-၂။ | တက္ကသိုလ်ပညာရေးအဖွဲ့၏လုပ်ငန်းတာဝန်များ | ၁၂ |
| ၄-၃။ | တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ | ၁၃ |
| ၄-၃-၁။ | ဖွဲ့စည်းပုံ | ၁၃ |
| ၄-၃-၂။ | ရွေးချယ်ပုံ | ၁၃ |
| ၄-၃-၃။ | အဖွဲ့ဝင်အဖြစ်မှ နှုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးခန့်အပ်ခြင်း | ၁၃ |
| ၄-၃-၄။ | တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၏လုပ်ငန်းတာဝန်များ | ၁၄ |
| အခန်း(၅) | အကြီးအကဲများ | |
| ၅-၁။ | ပါမောက္ခချုပ် | ၁၅ |
| ၅-၁-၁။ | ရွေးချယ်ခန့်အပ်မှုစနစ် | ၁၅ |

| | | |
|---|---|---|
| ၅-၁-၂။ | ပါမောက္ခချုပ်၏သက်တမ်း | ၁၅ |
| ၅-၁-၃။ | နုတ်ထွက်ခြင်း၊ ရပ်စဲခြင်း၊အစားထိုးခန့်အပ်ခြင်း | ၁၅ |
| ၅-၁-၄။ | ဒုတိယပါမောက္ခချုပ်များ | ၁၆ |
| ၅-၁-၅။ | ဒုတိယပါမောက္ခချုပ်ရွေးချယ်ပုံ | ၁၆ |
| ၅-၁-၆။ | ဒုတိယပါမောက္ခချုပ်၏ သက်တမ်း | ၁၆ |
| ၅-၁-၇။ | နုတ်ထွက်ခြင်း၊ ရပ်စဲခြ င်း၊ အစားထိုးခန့်အပ်ခြင်း | ၁၆ |
| အခန်း(၆) | အသိအမှတ်ပြုတက္ကသိုလ်များနှင့်တွဲဖက်တက္ကသိုလ်များ | ၁၇ |
| အခန်း(၇) | တက္ကသိုလ်၏လုပ်ပိုင်ခွင့်များ (Powers of the University) | |
| ၇-၁။ | တက္ကသိုလ်ဝင်ခွင့်နှင့်သင်တန်းအစီအစဉ် | ၁၈ |
| ၇-၁-၁။ | တက္ကသိုလ်ဝင်ခွင့် | ၁၈ |
| ၇-၁-၂။ | သင်တန်းအစီအစဉ် | ၁၈ |
| ၇-၂။ | သင်ကြားရေးနှင့် ပတ်သက်သော လုပ်ပိုင်ခွင့်များ | ၁၈ |
| ၇-၃။ | စီမံ၊ဘဏ္ဍာနှင့်ပတ်သက်သော လုပ်ပိုင်ခွင့်များ | ၁၉ |
| ၇-၄။ | အခြား လုပ်ပိုင်ခွင့်များ | ၁၉ |
| အခန်း(၈) | ပညာရေးဆိုင်ရာ အရည်အသွေးစိစစ်အကဲဖြတ်ခြင်းနှင့် လေ့လာသုံးသပ်ခြင်း (Qualification, Evaluation and Monitoring) | ၂၀ |
| အခန်း(၉) | တက္ကသိုလ်တွင်းအဖွဲ့အစည်းများ (Inter-University Organizations) | ၂၁ |
| အခန်း(၁၀) | တန်းတူအခွင့်အရေး | ၂၁ |
| အခန်း(၁၁) | သုတေသန (Research) | ၂၂ |
| အခန်း(၁၂) | ပြည်တွင်း ပြည်ပမှ အခြားတက္ကသိုလ်များနှင့် ပူးပေါင်းဆောင် ရွက်ခြင်း | ၂၂ |
| အခန်း(၁၃) | ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းဥပဒေများ၊ အမိန့်ပြန်တမ်း များနှင့် တည်ဆဲအမိန့်များ ထုတ်ပြန်ခြင်း | ၂၂ |
| အခန်း(၁၄) | ဘဏ္ဍာရေး | ၂၂ |
| အခန်း(၁၅) | ပဋိညာဉ်စာတမ်းကိုပြင်ဆင်ခြင်း | ၂၃ |

# သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ပဋိညာဉ်စာတမ်း

## (မူကြမ်း)

## အခန်း(၁)

## တက္ကသိုလ်တည်ထောင်ခြင်းနှင့်တည်နေရာ

သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ အမည်၊ တက္ကသိုလ်တည်ထောင်ခြင်း၊ တက္ကသိုလ်တည်နေရာ၊ တက္ကသိုလ်အဖွဲ့နှင့် တရားဝင်ရပ်တည်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်-

**၁-၁။ အမည်**

ဤတက္ကသိုလ်၏ အမည်မှာ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် (University of Information Technology) ဖြစ်သည်။ တက္ကသိုလ်၏ အင်္ဂလိပ် အတိုကောက် အမည်သည် UIT ဖြစ်သည်။

**၁-၂။ တက္ကသိုလ်တည်ထောင်ခြင်း**

သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သည် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)အမည်ဖြင့် အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်(Center of Excellence- COE) အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၁၅)ရက်နေ့တွင် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်အဖြစ် သီးခြား ဖွဲ့စည်း တည်ထောင်ခဲ့သည်။

သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၆ နှင့်အညီ လွတ်လပ်သည့် သင်ကြား သင်ယူမှုနှင့် လွတ်လပ်စွာ စီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးသော အမျိုးသားတက္ကသိုလ် (National University) အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဤပဋိညာဉ်စာတမ်းကို ရေးဆွဲလိုက်သည်။

**၁-၃။ တက္ကသိုလ်တည်နေရာ**

သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သည် ရန်ကုန်တိုင်းဒေသကြီး၊ တက္ကသိုလ်များ လှိုင်နယ်မြေ၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊ လှိုင်မြို့နယ်တွင် တည်ရှိပါသည်။

**၁-၄။ တက္ကသိုလ်အဖွဲ့နှင့် တက္ကသိုလ်တရားဝင်ရပ်တည်မှု**

**၁-၄-၁။ တက္ကသိုလ်အဖွဲ့**

ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ မဟာဌာနများမှ မဟာဌာနမှူးများနှင့် သင်ကြားရေးဌာနများမှ ဌာနမှူးများပါဝင်သော တက္ကသိုလ်ကောင်စီ၊ တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ အမှုထမ်းနှင့် အရာထမ်းများသည် တက္ကသိုလ်၏အဖွဲ့ဝင်များ ဖြစ်ရမည်။

## ၁-၄-၂။ တက္ကသိုလ်တရားဝင်ရပ်တည်မှု

(က) တက္ကသိုလ်သည် သင်ကြားရေးနှင့် သုတေသနကို ဆောက်ရွက်သည့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခု (Educational Institution) အဖြစ် ဥပဒေအရ တရားဝင် ရပ်တည်မှု ရှိသည်။ မိမိ၏ ကိုယ်ပိုင်အမည်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်အတူ ကိုယ်ပိုင်အမှတ်တံဆိပ် (logo) နှင့် တံဆိပ်ဝိုင်း (seal) တစ်ခုစီရှိပြီး မိမိတက္ကသိုလ်အမည်ဖြင့် တရားစွဲဆိုပိုင်ခွင့်၊ တရားစွဲဆိုခံပိုင်ခွင့်၊ ဥပဒေနှင့်ညီညွတ်သော မည်သည့် အပြုအမူကို မဆို အပြည့်အဝ ဆောင်ရွက်ပိုင်ခွင့်၊ရယူပိုင်ခွင့်နှင့် ဆက်ခံသုံးစွဲပိုင်ခွင့်ရှိသည်။

(ခ) တက္ကသိုလ်သည် (၁) သင်ကြားမှုလွတ်လပ်ခွင့်၊ (၂) ဘဏ္ဍာငွေသုံးစွဲမှု လွတ်လပ်ခွင့်နှင့် ရှာဖွေခွင့်၊ (၃) တက္ကသိုလ်၏အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုလွတ်လပ်ခွင့်၊ (၄) ဝန်ထမ်းစတင် ခန့်အပ်ခွင့်နှင့် ဆက်လက်ခန့်ထားခွင့်စသည့် အင်္ဂါရပ်(၄)ရပ်နှင့် ပြည့်စုံသော ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရှိသော တက္ကသိုလ်အဖြစ် ရပ်တည်မည်။

## ၁-၅။ တက္ကသိုလ်ကိုယ်ပိုင်အမှတ်တံဆိပ်

(University Logo) (တက္ကသိုလ်ကိုယ်ပိုင်အမှတ်တံဆိပ်)

# အခန်း(၂)

## တက္ကသိုလ်၏မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်နှင့်ရည်ရွယ်ချက်၊ ဆောင်ပုဒ်

တက္ကသိုလ်၏ မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

## ၂-၁။ မျှော်မှန်းချက်

ပညာခေတ်၏ စိန်ခေါ်မှုများကို ထိရောက်စွာ ရင်ဆိုင်နိုင်ပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသည့် ရှင်သန်တက်ကြွသော ပညာရပ်ဆိုင်ရာ ဝန်းကျင်ကောင်းကို ဖန်တီးရန်နှင့် ထိန်းသိမ်းရန်၊

## ၂-၂။ လုပ်ငန်းတာဝန်

တက္ကသိုလ်၏ မျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် တက္ကသိုလ်၏ ပညာရေးဆိုင်ရာ ရည်ရွယ်ချက်များချမှတ်၍ ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံကိန်းများဖြင့် ပထမဦးစွာ အရှေ့တောင်အာရှဒေသတွင်းအဆင့်၊ ထိုမှအာရှအဆင့်၊ ထိုမှ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်တစ်ခုဖြစ်လာစေရန် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်-

(က) သတင်းအချက်အလက်နည်းပညာ (InformationTechnology-IT) ဘာသာရပ်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ကျင့်တရားကောင်းမွန်ပြီး လူ့အသိုင်းအဝိုင်း၊ လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့၏ အကျိုးကိုထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်မည့် ဘက်စုံပြည့်ဝပြီး အရည်အချင်းမြင့်မားသော IT ပညာရှင်များ မွေးထုတ်ပေးရန်၊

(ခ) IT နည်းပညာကိုအခြေပြု၍ ပညာရပ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို ရှာဖွေဖော်ထုတ်တီထွင်နိုင်သော အရည်အချင်းမြင့်မားသည့် သုတေသီများကို လေ့ကျင့်ပြုစု ပျိုးထောင်ပေးရန်နှင့် အဆင့်မြင့်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဂ) ပညာရပ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်းပြည်ပတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်သည်။

**၂-၃။ ရည်ရွယ်ချက်**

လူ့အဖွဲ့အစည်း၏လိုအပ်ချက်များကို IT နည်းပညာ ဆိုင်ရာပညာရေးနှင့် သုတေသနတို့ဖြင့် ပါဝင်ဖြည့်ဆည်းပေးသည့် နိုင်ငံတကာ အသိအမှတ်ပြု တက္ကသိုလ် ဖြစ်စေရန်

**၂-၄။ ဆောင်ပုဒ်**

"Towards a Brighter Future through Innovation in ICT" (သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆန်းသစ်တီထွင်မှုမှသည် တောက်ပသော အနာဂတ်ဆီသို့)

## အခန်း(၃)

## တက္ကသိုလ်ဖွဲ့စည်းပုံ

တက္ကသိုလ်အား သင်ကြားသင်ယူရေးနှင့် သုတေသနဌာနများ၊ စီမံခန့်ခွဲရေးရာဌာနများဖြင့် ဖွဲ့စည်းမည်။

**၃-၁။ သင်ကြားသင်ယူရေးနှင့်သုတေသနဌာနများ**

တက္ကသိုလ်၌ မဟာဌာနများနှင့် ဌာနများကို ဖွဲ့စည်းသည်။ မဟာဌာနများကို မိမိတို့တက္ကသိုလ်အပေါ်မူတည်၍ဖွဲ့စည်းသည်။ မဟာဌာနများအောက်တွင် သင်ကြားသင်ယူရေး ပညာရပ်ဌာနများနှင့် သုတေသနဌာနများကို ဖွဲ့စည်းသည်။ သင်ကြားရေး အစီအစဉ်သစ်များ တိုးချဲ့လာပါက မဟာဌာနများကို တက္ကသိုလ်ကောင်စီ၏ သဘောတူညီချက်နှင့်အညီ လိုအပ်သလို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခွင့်ရှိသည်။ မဟာဌာနတိုင်းတွင် မဟာဌာနမှူး (Dean) တစ်ဦးစီ အလှည့်ကျ ရွေးချယ်ခန့်ထားပြီး ၎င်း၏သက်တမ်းမှာ (၃)နှစ် ထမ်းဆောင်ရမည်။ တက္ကသိုလ်မှ ချမှတ်ထားသော စည်းမျဉ်းနှင့်အညီ တာဝန်နှင့် အခွင့်အာဏာများ ရှိရမည်။

### ၃-၁-၁။ မဟာဌာနမှူး (Dean) ရွေးချယ်ခန့်အပ်မှုစနစ်၊သက်တမ်းနှင့်လုပ်ငန်းတာဝန်

(က) မဟာဌာနမှူးကို ရွေးချယ်ခန့်အပ်ရာတွင် သက်ဆိုင်ရာမဟာဌာန (Faculty)တွင် ပါဝင်သော သင်ကြားရေးနှင့် သုတေသနဌာနများရှိ ပါမောက္ခများထဲမှ တစ်ဦးကို ရွေးချယ်မည်။ ရွေးချယ်ရာတွင် သက်ဆိုင်ရာ သင်ကြားရေးနှင့် သုတေသနဌာနများမှ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၏ များရာဆန္ဒမဲဖြင့် ရွေးချယ်မည်။

(ခ) **သက်တမ်း**

မဟာဌာနမှူး၏သက်တမ်းသည် တစ်ကြိမ်လျှင် (၃)နှစ် ဖြစ်သည်။ သက်တမ်းကုန် ဆုံးပါက မူလတာဝန်ကို ပြန်လည်ထမ်းဆောင်ရမည်။

(ဂ) မဟာဌာနမှူးသည် တက္ကသိုလ်၏ ပါမောက္ခချုပ်နှင့် တက္ကသိုလ်ကောင်စီကို တာဝန်ခံ ဆောင်ရွက်ရမည်။

### ၃-၁-၂။ မဟာဌာနမှူးအဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးခန့်အပ်ခြင်း

(က) ရွေးချယ်ထားသော မဟာဌာနမှူးသည် တစ်ဆက်တည်း သက်တမ်း နှစ်ခုထက် ပိုမိုတာဝန် ထမ်းဆောင်ခွင့်မရှိစေရ၊

(ခ) မဟာဌာနမှူးတစ်ဦးသည် တာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘော ဆန္ဒအလျောက် မဟာဌာနမှူးအဖြစ်မှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်းကို တက္ကသိုလ်ကောင်စီဥက္ကဋ္ဌထံ စာဖြင့် တင်ပြပြီး တက္ကသိုလ်ကောင်စီ၏ ခွင့်ပြုချက်ဖြင့် နုတ်ထွက်နိုင်သည်။

(ဂ) မဟာဌာနမှူး တစ်ဦးဦးသည် ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါး ထာဝစဉ်ချို့ယွင်းသွားခြင်း၊ တာဝန်ကို ဆက်လက်ထမ်းဆောင်ရန် မသင့်လျော်ကြောင်း တွေ့ရှိပါက တက္ကသိုလ် ကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် မဟာဌာနမှူးတာဝန်မှ ရပ်စဲနိုင်သည်။

(ဃ) မဟာဌာနမှူးအဖြစ်မှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့် ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ၊ အငြိမ်းစားယူခြင်း ကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ၊ မဟာဌာနမှူးနေရာ လစ်လပ်လျှင် ဖြည့်စွက်ခန့်ထားရမည်။ ထိုအစားထိုးခန့်အပ်သော မဟာဌာနမှူး၏ သက်တမ်းသည် ၎င်းအစားထိုးသည့် မဟာဌာနမှူး၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်သည်။

### ၃-၁-၃။ ဌာနမှူးရွေးချယ်ခန့်အပ်မှုစနစ်၊သက်တမ်း

(က) ဌာနမှူးရွေးချယ်ရာတွင် သက်ဆိုင်ရာသင်ကြားရေးနှင့် သုတေသနဌာန၌ လက်ရှိတာဝန် ထမ်းဆောင်နေသော ပါမောက္ခများအနက်မှ တစ်ဦးကိုရွေးချယ်မည်။ ဌာနမှူးရွေးချယ်ရာ တွင် သက်ဆိုင်ရာ သင်ကြားရေးနှင့် သုတေသနဌာနများမှ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများ၏ များရာ ဆန္ဒမဲဖြင့် ရွေးချယ်မည်။

(ခ) **သက်တမ်း**

ဌာနမှူး၏သက်တမ်းသည် တစ်ကြိမ်လျှင် (၃)နှစ် ဖြစ်သည်။ သက်တမ်းကုန် ဆုံးပါက မူလတာဝန်ကို ပြန်လည်ထမ်းဆောင်ရမည်။

(ဂ) ဌာနမှူးသည် မဟာဌာနမှူးကို တာဝန်ခံဆောင်ရွက်ရမည်။

**၃-၁-၄ ။ ဌာနမှူးအဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးခန့်အပ်ခြင်း**

(က) သက်တမ်းမကုန်ဆုံးမီ မိမိဆန္ဒအလျောက် ဌာနမှူးတာဝန်မှ နုတ်ထွက်လိုလျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ နုတ်ထွက်နိုင်သည်။ ဌာနမှူး တစ်ဦးဦးသည် တည်ဆဲဥပဒေ တစ်ရပ်ရပ် (သို့မဟုတ်) တက္ကသိုလ်မှ ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက (သို့မဟုတ်) အကျင့်သိက္ခာပျက်ပြားပါက (သို့မဟုတ်) မိမိတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်နိုင်ပါက တက္ကသိုလ်ကောင်စီသည် ဌာနမှူးကို တာဝန်မှ ရပ်စဲရမည်။

(ခ) ဌာနမှူးသက်တမ်း မကုန်ဆုံးမီ နုတ်ထွက်သောကြောင့်ဖြစ်စေ၊ ကွယ်လွန်သောကြောင့် ဖြစ်စေ၊ ထာဝစဉ်မစွမ်းဆောင်နိုင်သောကြောင့် ဖြစ်စေ၊ တစ်စုံတစ်ခုသောအကြောင်းကြောင့် ဖြစ်စေ၊ ခိုင်လုံသောအကြောင်း တစ်ခုခုကြောင့် တာဝန်မှ ရပ်စဲခံရသောကြောင့်ဖြစ်စေ ဌာနမှူးနေရာ လစ်လပ်လျှင် လစ်လပ်သည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း အစားထိုး ရွေးချယ်ခန့်အပ်ရမည်။ လစ်လပ်သည့်အတွက် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော ဌာနမှူးအသစ်၏ သက်တမ်းသည် မူလတာဝန်၏ သက်တမ်းကုန်ဆုံးသည် အထိသာ ဖြစ်သည်။

## ၃-၂။ သင်ကြား၊သင်ယူရေးဆက်စပ်ဌာနများ

သင်ကြား၊ သင်ယူရေးဆက်စပ်ဌာနများတွင် အားကစားဌာန၊ စာကြည့်တိုက်ဌာန၊ အရည်အသွေး အာမခံမှုဌာန (QA)၊ ပုံနှိပ်ထုတ်ဝေရေးနှင့် ပြန်ကြားရေးဌာနတို့ ပါဝင်သည်။

**၃-၂-၁။ အားကစားဌာန**

(က) အားကစားဌာနကို အားကစားအရာရှိက ဦးဆောင်မည်။ အားကစားဌာနသည် တက္ကသိုလ်ပညာရေးအဖွဲ့က ရေးဆွဲထားသော အားကစားပြက္ခဒိန်နှင့်အညီ အားကစား လှုပ်ရှားမှုများကို အကောင်ထည်ဖော် ဆောင်ရွက်မည်။ အားကစားအရာရှိသည် ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)မှတဆင့် ပါမောက္ခချုပ်ကို တာဝန်ခံရမည်။

(ခ) အားကစားစွမ်းဆောင်ရည် မှတ်တမ်းထားရှိပြီး နှစ်ရှည်စွမ်းဆောင်ရည် ဆုချီးမြှင့်ပေးခြင်းဖြင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်။

### ၃-၂-၂။ စာကြည့်တိုက်

တက္ကသိုလ်ကောင်စီမှ ခန့်အပ်သည့် စာကြည့်တိုက်မှူးမှ ဦးဆောင်မည်။ စာကြည့်တိုက်သည် ကျောင်းသား၊ကျောင်းသူများ၊ ဆရာ၊ ဆရာမများ ပညာရပ်ဆိုင်ရာ သင်ကြားရေးနှင့် သုတေသန ပြုစုခြင်း လုပ်ငန်းများအတွက် လိုအပ်သော စာအုပ်စာတမ်းများနှင့် ရည်ညွှန်းစာအုပ်များကို စာအုပ်များအဖြစ်နှင့်သာမက e-library၊ digital-library တို့ အသုံးပြုနိုင်ရေး ဆောင်ရွက်မည်။

### ၃-၂-၃။ အရည်အသွေးအာမခံမှုဌာန

အရည်အသွေးအာမခံမှုဌာနကို ပညာရေးအဖွဲ့က တာဝန်ပေးအပ်သော ဌာနမှူး(၁)ဦးမှ ဦးဆောင်မည်။ အရည်အသွေး အာမခံမှုဌာန (Quality Assurance Department)သည် မိမိတက္ကသိုလ်၏ ဘာသာရပ်ဌာန အသီးသီးတွင် အရည်အသွေးအာမခံမှုဆိုင်ရာ အမျိုးသားအဆင့်၊ ဒေသဆိုင်ရာအဆင့်၊ နိုင်ငံတကာအဆင့် စံနှုန်းသတ်မှတ်ချက်များနှင့် ကျင့်သုံးအကောင်အထည် ဖော်မှုများကို သိရှိနားလည်ပြီး၊ မိမိတက္ကသိုလ်၏ လက်တွေ့အခြေအနေနှင့် ကိုက်ညီသည့် အရည်အသွေးအာမခံမှုစနစ်ကို ပြုစုပျိုးထောင်မည်။ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ် ကော်မတီ National Accreditation and Quality Assurance Committee (NAQAC)၏ စံနှုန်းသတ်မှတ်ချက်များ (Standards)နှင့်အညီ လက်တွေ့ အကောင် အထည်ဖော် ဆောင်ရွက်မည်။

### ၃-၂-၄။ ပုံနှိပ်ထုတ်ဝေရေးနှင့် ပြန်ကြားရေးဌာန

(က) ပုံနှိပ်ထုတ်ဝေရေးနှင့် ပြန်ကြားရေးဌာန၏ ဌာနမှူးကို တက္ကသိုလ်ကောင်စီမှ ရွေးချယ် တာဝန်ပေးအပ်မည်။

(ခ) ပုံနှိပ်ထုတ်ဝေရေးနှင့်ပြန်ကြားရေးဌာနသည် တက္ကသိုလ်မှ ထုတ်ဝေသော စာအုပ်၊ မဂ္ဂဇင်း၊ ပြက္ခဒိန်၊ သုတေသနဂျာနယ်၊ စာစောင်စသည်များ ထုတ်ဝေခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်မည်။

## ၃-၃။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန

နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန (International Relations Department) (IRD) သည် နိုင်ငံတကာတက္ကသိုလ်များ၊ နိုင်ငံတကာပညာရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ပညာရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပညာရေးဆိုင်ရာ နားလည်မှု စာချွန်လွှာများ (MoU, MoA, LoI, LoA, RoD)ချုပ်ဆိုခြင်း၊ ဘာသာရပ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခြင်း၊ နည်းပညာသုတေသန ပူးပေါင်း ဆောင်ရွက်မှု တို့ကို ဆောင်ရွက်မည်။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဌာနကို ဌာနမှူး တာဝန်ပေးအပ် ခြင်းခံရသော ဌာနမှူးမှ ဦးဆောင်၍ ဌာနမှူးများ တာဝန်ထမ်းဆောင်သည့် သက်တမ်းအတိုင်း

ဆောင်ရွက်မည်။ သင်ကြားရေးဌာနများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော ပါမောက္ခများ အနက်မှ နိုင်ငံတကာဆက်ဆံရေးဌာနတွင် နိုင်ငံတကာဆက်ဆံရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသူများသည် တက္ကသိုလ်ကောင်စီဝင်များ၏ များရာဆန္ဒမဲဖြင့် နိုင်ငံတကာဆက်ဆံရေး ဌာနမှူးကို ရွေးချယ်မည်။

## ၃-၄။ စီမံခန့်ခွဲရေးရာဌာနများ

စီမံခန့်ခွဲရေးရာဌာနများတွင် စီမံ/ဘဏ္ဍာဌာန၊ သင်တန်းရေးရာဌာန၊ စာကြည့်တိုက်နှင့် ပြတိုက်ဌာန၊ နိုင်ငံတကာဆက်ဆံရေးဌာန၊ ပြုပြင်ထိန်းသိမ်းရေးအင်ဂျင်နီယာဌာန၊ နယ်မြေဌာန နှင့် တက္ကသိုလ်ပုံနှိပ်တိုက်တို့ ပါဝင်သည်။ ယင်းဌာနများကို သက်ဆိုင်ရာဌာနမှူးများက စီမံခန့်ခွဲ ဆောင်ရွက်မည်။ တက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထပ်မံလိုအပ်မည့် ဌာနအသီးသီးကို တက္ကသိုလ်ကောင်စီ၏ ဆွေးနွေးဆုံးဖြတ်ချက်ဖြင့် တိုးချဲ့ ဖွဲ့စည်းနိုင်သည်။

(၁) သင်တန်းရေးရာဌာန

(၂) စီမံ/ဘဏ္ဍာဌာန၊

(၃) စာကြည့်တိုက်နှင့်ပြတိုက်ဌာန

(၄) ပြုပြင်ထိန်းသိမ်းရေးအင်ဂျင်နီယာဌာန၊

(၅) နယ်မြေဌာန

(၆) တက္ကသိုလ်ပုံနှိပ်တိုက်

(၇) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

### ၃-၄-၁။ သင်တန်းရေးရာဌာန

သင်တန်းရေးရာဌာနကို သင်တန်းရေးရာဌာနကြီးမှူးမှ စီမံခန့်ခွဲမည်။ ၎င်းလက်အောက်တွင် (နေ့သင်တန်း)သင်တန်းရေးရာဌာနမှူး၊ မော်ကွန်းထိန်း(၁)၊ မော်ကွန်းထိန်း(၂)တို့ ထားရှိမည်။ သင်တန်းရေးရာဌာနတွင် ကျောင်းသားရေးရာဌာနခွဲ၊ ကျောင်းဆောင်ဌာနခွဲ၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနခွဲ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ပြင်ပဆက်ဆံရေးဌာနခွဲ၊ အာကစားဌာနနှင့် ဆေးခန်းဌာနခွဲ၊ နိုင်ငံတကာဆက်ဆံရေးဌာနခွဲတို့ ပါဝင်သည်။

### ၃-၄-၂။ စီမံ၊ ဘဏ္ဍာဌာန

စီမံ၊ဘဏ္ဍာဌာနတွင် ဌာနကြီးမှူးက စီမံခန့်ခွဲမည်။ ၎င်းလက်အောက်တွင် (စီမံ/ဘဏ္ဍာ/ အင်ဂျင်နီယာ/အရည်အသွေးစီမံခန့်ခွဲရေး) ဌာနမှူးများမှ ဦးဆောင်မည်။ စီမံဘဏ္ဍာဌာန၏ ဌာနခွဲများမှာ ဝန်ထမ်းရေးရာဌာနခွဲ၊ နယ်မြေအထွေထွေဌာနခွဲ၊ ငွေစာရင်းဌာနခွဲနှင့် ငွေကိုင်ဌာနခွဲ၊ အရည်အသွေးစီမံခန့်ခွဲရေး ဌာနခွဲတို့ ပါဝင်သည်။ ယင်းဌာနခွဲများကို သက်ဆိုင်ရာဌာနမှူးများက ကြီးကြပ်ဆောင်ရွက်မည်။

**၃-၄-၃။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန**

တက္ကသိုလ်ကောင်စီမှ ခန့်အပ်သည့် ဌာနမှူးမှ ဦးဆောင်မည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနသည် သင်ကြားရေးနှင့် စီမံခန့်ခွဲရေး ဝန်ထမ်းများ၏ ပင်ကိုယ်အရည်အသွေး မြင့်မားအောင် စီမံခန့်ခွဲမြင့်တင်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဥ်အရ သင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် တက္ကသိုလ်၏ ကိုယ်ပိုင်ရန်ပုံငွေ ရှာဖွေနိုင်ပါမည်။

## အခန်း(၄)

## တက္ကသိုလ်အာဏာပိုင်အဖွဲ့များ

တက္ကသိုလ်ကောင်စီ (The Council) ၊ တက္ကသိုလ်ပညာရေးအဖွဲ့ (The Senate)နှင့် တက္ကသိုလ်စီမံရေးရာအဖွဲ့ (Administrative Body)များသည် တက္ကသိုလ်အာဏာပိုင် အဖွဲ့များဖြစ်သည်။ ၎င်းတက္ကသိုလ်အာဏာပိုင်အဖွဲ့အစည်း (၃)ရပ်သည် လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သော လုပ်ငန်းအဖွဲ့များ (ad hoc committee) ကို ဖွဲ့စည်းခန့်အပ်တာဝန်ပေးပိုင်ခွင့်ရှိသည်။

**၄-၁။ တက္ကသိုလ်ကောင်စီ**

တက္ကသိုလ်ကောင်စီသည် ဤပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ တက္ကသိုလ်ဆိုင်ရာ ကိစ္စရပ်အားလုံး ဆောင်ရွက်ရန်အတွက် အမြင့်ဆုံးစီမံခန့်ခွဲမှု အဖွဲ့အစည်း ဖြစ်သည်။ ၂၀၁၅ ခုနှစ် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ(၂) (ဋ) အရ တက္ကသိုလ်ကောင်စီကို အောက်ပါ အတိုင်း ဖွဲ့စည်းမည်-

**၄-၁-၁။ ဖွဲ့စည်းပုံ**

| | | |
|---|---|---|
| (က) | ပါမောက္ခချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယပါမောက္ခချုပ်များ | ဒုတိယဥက္ကဋ္ဌများ |
| (ဂ) | မဟာဌာနမှူးများ | အဖွဲ့ဝင် |
| (ဃ) | ဘာသာရပ်ဆိုင်ရာပါမောက္ခများ(၄)ဦး | အဖွဲ့ဝင် |
| (င) | ဌာနကြီးမှူး(သင်တန်းရေးရာ) | အဖွဲ့ဝင် |
| (စ) | ဆရာကိုယ်စားလှယ်(၂)ဦး | အဖွဲ့ဝင် |
| (ဆ) | ကျောင်းသားကိုယ်စားလှယ်(၂)ဦး | အဖွဲ့ဝင် |
| (ဇ) | အများယုံကြည်လေးစားသည့်ပုဂ္ဂိုလ် (၂)ဦး | အဖွဲ့ဝင် |
| (ဈ) | ကျွမ်းကျင်ပညာရှင် (၂)ဦး | အဖွဲ့ဝင် |
| (ည) | ဌာနကြီးမှူး(စီမံ/ဘဏ္ဍာ) | အတွင်းရေးမှူး |

## ၄-၁-၂။ ကောင်စီအဖွဲ့ဝင်အဖြစ် ရွေးချယ်သတ်မှတ်ခြင်း

(၁) ပါမောက္ခချုပ်သည် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဒုတိယပါမောက္ခချုပ်များသည် ဒုတိယဥက္ကဋ္ဌများ အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ရမည်။

(၂) မဟာဌာနမှူးများသည် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

(၃) ဌာနကြီးမှူး (သင်တန်းရေးရာ) သည်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

(၄) တက္ကသိုလ်ပညာရေးအဖွဲ့မှ ရွေးချယ်သည့် ပါမောက္ခ/ဌာနမှူး(၂)ဦးနှင့် ပါမောက္ခ (၂)ဦးသည် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

(၅) ဆရာများက များရာဆန္ဒမဲဖြင့် ရွေးချယ်သည့်လက်ရှိတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေသော ဆရာကိုယ်စားလှယ်(၂)ဦးသည် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

(၆) ကျောင်းသားများက များရာဆန္ဒမဲဖြင့် ရွေးချယ်သည့် လက်ရှိတက္ကသိုလ်တွင် အချိန်ပြည့် တက်ရောက်နေသည့် ကျောင်းသားကိုယ်စားလှယ်(၂)ဦးသည် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

(၇) တက္ကသိုလ်ပညာရေးအဖွဲ့က ရွေးချယ်သော အများယုံကြည်လေးစားသည့်ပုဂ္ဂိုလ် (၂)ဦးနှင့် ကျွမ်းကျင်ပညာရှင်(၂)ဦးတို့သည် အဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ရမည်။

(၈) ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ)သည် အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရမည်။

## ၄-၁-၃။ အဖွဲ့ဝင်အဖြစ်မှ နှုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးခန့်အပ်ခြင်း

(၁) တက္ကသိုလ်ကောင်စီအဖွဲ့ဝင် ကိုယ်စားလှယ်များ၏ သက်တမ်းသည် (၃)နှစ်ဖြစ်သည်။ ရွေးချယ်ထားသော တက္ကသိုလ်ကောင်စီအဖွဲ့ဝင် ကိုယ်စားလှယ်များသည် တစ်ဆက်တည်း သက်တမ်း နှစ်ခုထက် ပိုမို တာဝန်ထမ်းဆောင်ခွင့် မရှိစေရ။

(၂) တက္ကသိုလ်ကောင်စီအဖွဲ့ဝင်တစ်ဦးသည် တာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့်မိမိသဘော ဆန္ဒအလျောက် အဖွဲ့မှနှုတ်ထွက်လိုလျှင် ထိုသို့ နှုတ်ထွက်လို ကြောင်းကို တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌထံ စာဖြင့် တင်ပြပြီး တက္ကသိုလ် ကောင်စီ၏ ခွင့်ပြုချက်ဖြင့် နှုတ်ထွက်နိုင်သည်။

(၃) တက္ကသိုလ်ကောင်စီအဖွဲ့ဝင်တစ်ဦးသည် ကိုယ်စိတ်နှစ်ပါးအနက် တပါးပါး ထာဝစဉ် ချို့ယွင်းသွားခြင်း၊ တာဝန်ကို ဆက်လက်ထမ်းဆောင်ရန် မသင့်လျော်ကြောင်း တွေ့ရှိပါက တက္ကသိုလ် ကောင်စီသည် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲနိုင်သည်။

(၄) ကျောင်းသားကိုယ်စားလှယ်သည် တက္ကသိုလ်တွင် ပညာသင်ယူမှုပြီးဆုံးသွားလျှင်သော်လည်းကောင်း၊ ဆရာကိုယ်စားလှယ်သည် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရလျှင်သော်လည်းကောင်း တက္ကသိုလ်ကောင်စီ၏ အဖွဲ့ဝင်အဖြစ်မှ အလိုအလျောက် ရပ်စဲပြီးဖြစ်ရမည်။

(၅) တက္ကသိုလ်ကောင်စီအဖွဲ့ဝင်အဖြစ်မှ နှုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အငြိမ်းစားယူခြင်းကြောင့် ဖြစ်စေ၊ အခြား

အကြောင်းတစ်ခုခုကြောင့် ဖြစ်စေ၊ တက္ကသိုလ်ကောင်စီ အဖွဲ့ဝင်နေရာ လစ်လပ်လျှင် တက္ကသိုလ်ကောင်စီသည် တက္ကသိုလ်ပညာရေးအဖွဲ့ ဆရာများ၊ ကျောင်းသားများက တင်ပြသော ကိုယ်စားလှယ်အမည်စာရင်းမှ ရွေးချယ်ခန့် ထားရမည်။ ထိုအစားထိုး ခန့်အပ်သောအဖွဲ့ဝင်များ၏ သက်တမ်းသည် ၎င်းအစားထိုးသည့် ကောင်စီအဖွဲ့ဝင်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်သည်။

**၄-၁-၄။ ကောင်စီအစည်းအဝေး**

(၁) ကောင်စီ၏အစည်းအဝေးကို တစ်နှစ်လျှင်အနည်းဆုံး(၂) ကြိမ် ကျင်းပရမည်။

(၂) ကောင်စီဝင်ဦးရေအားလုံး၏ သုံးပုံနှစ်ပုံ တက်ရောက်မှ အစည်းအဝေးအထမြောက်သည်။

(၃) ပါမောက္ခချုပ်က သင့်လျော်သည်ဟု ထင်မြင်ပါက အထူးအစည်းအဝေး ပြုလုပ်နိုင်သည်။

(၄) ကောင်စီတွင်အရေးကြီးကိစ္စရပ်နှင့် သာမန်ကိစ္စရပ် ခွဲခြားခြင်းအား အစည်းအဝေး တက်ရောက်သော ကောင်စီဝင်ဦးရေ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(၅) အရေးကြီးကိစ္စရပ်များအား အစည်းအဝေးတက်ရောက်သော ကောင်စီဝင်ဦးရေ၏ သုံးပုံနှစ်ပုံ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(၆) သာမန်ကိစ္စရပ်များအား အစည်းအဝေး တက်ရောက်သော ကောင်စီဝင်ဦးရေ၏ များရာ ဆန္ဒမဲ ဖြင့်ဆုံးဖြတ်ရမည်။

**၄-၁-၅။ တက္ကသိုလ်ကောင်စီ၏လုပ်ငန်းတာဝန်များ**

(၁) တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း တို့ကို ကြီးကြပ်ဆောင်ရွက်မည်။

(၂) ပြည်တွင်းပြည်ပတက္ကသိုလ်များ၊ပညာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် မူဝါဒများချမှတ်ခြင်း၊ ဆုံးဖြတ်ချက်ပြုခြင်း၊ အတည်ပြုခြင်း စသည်တို့ကို အမျိုးသားပညာရေးဥပဒေနှင့်အညီ ဆောင်ရွက်မည်။

(၃) ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် စပ်လျဉ်းသည့် မူဝါဒများချမှတ်ခြင်း၊ ဆုံးဖြတ်ချက်ပြုခြင်း၊ အတည်ပြုခြင်းစသည်တို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်မည်။

(၄) တက္ကသိုလ်တွင် ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန် ထမ်းဆောင်နေသော ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများသာပါဝင်သော တက္ကသိုလ်တွင်း အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍လိုအပ်သော စည်းမျဉ်းစည်းကမ်းများ သတ်မှတ်၍ ခွင့်ပြုပေးခြင်းတို့ကို ဆောင်ရွက်မည်။

(၅) တက္ကသိုလ်၏ ပညာရေးဆိုင်ရာစံနှုန်းများ၊ အရည်အသွေးများ တိုးတက်မြင့်မားရန်အတွက် အာမခံရန် တက္ကသိုလ်တွင်း ပညာရေးဆိုင်ရာ အရည်အသွေး စိစစ်အကဲ ဖြတ်အဖွဲ့ကို ဖွဲ့စည်း ပေးမည်။

(၆) အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု ကော်မတီ၏ စံချိန်စံညွှန်းများနှင့် အမျိုးသားအရည်အသွေးမူဘောင်တို့နှင့်အညီ အရည်အသွေး အာမခံချက်အတွက် စနစ်၊ စံနှုန်းနှင့် နည်းလမ်းများကို သတ်မှတ်ပေးမည်။

(၇) တက္ကသိုလ်၏လိုအပ်ချက်အရ မဟာဌာနများ၊ သင်ကြားရေးဌာနများ၊ သုတေသနဌာနများ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုမည်။

(၈) တက္ကသိုလ်အတွက် လိုအပ်သော သင်ကြားရေးဝန်ထမ်းများနှင့် စီမံခန့်ခွဲရေး ဝန်ထမ်းများကို ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်မည်။

(၉) သင်ကြားရေးဝန်ထမ်းများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများပါဝင်သော တက္ကသိုလ်အဖွဲ့ဝင်များအားလုံး၏ လူမှုဖူလုံရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာကိစ္စရပ်များကို စီမံဆောင်ရွက်မည်။

(၁၀) ကျောင်းသားများ၏ သင်ကြားသင်ယူမှု ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် ထောက်ပံ့ကြေးများ၊ ပညာသင်ဆုများနှင့် ကျောင်းသားရေးရာကိစ္စရပ်များကို စီမံဆောင်ရွက်မည်။

(၁၁) ကောင်စီသည် တက္ကသိုလ်၏ ကျောင်းတံဆိပ်ကို ထိန်းသိမ်းခွင့်နှင့် သုံးစွဲခွင့်ရှိသည်။ ထိုကဲ့သို့ ထိန်းသိမ်းခွင့်နှင့် သုံးစွဲခွင့်ကို ကောင်စီဝင်များ၏ ဆုံးဖြတ်ချက်ဖြင့် လိုအပ်သလို လွှဲအပ်နိုင်သည်။

(၁၂) ကောင်စီသည် အခွန်ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ စီမံခန့်ခွဲရမည်။

(၁၃) ဘဏ္ဍာနှစ်အလိုက် ရသုံးမှန်းခြေ ငွေစာရင်းများကို အဆိုပြုတင်ပြရန်၊ ကဏ္ဍအလိုက် စနစ်တကျ ခွဲဝေသုံးစွဲနိုင်ရန်နှင့် တက္ကသိုလ်ရန်ပုံငွေ ရှာဖွေသုံးစွဲခြင်း လုပ်ငန်းများကို ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်မည်။

(၁၄) ကောင်စီသည် ဤပဋိညာဉ်စာတမ်းနှင့် မဆန့်ကျင်စေဘဲတက္ကသိုလ်ဆိုင်ရာ ကိစ္စရပ်များအတွက် လိုအပ်သော ညွှန်ကြားချက်များ (directives)၊ စည်းမျဉ်းများနှင့် စည်းကမ်းများ (regulations and by-laws)ကို ထုတ်ပြန်နိုင်သည်။

## ၄-၂။ တက္ကသိုလ်ပညာရေးအဖွဲ့

အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄ (ဠ) နှင့် ပုဒ်မ ၂၈ (ခ) တို့အရ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်သည့်စနစ်ကို မိမိတက္ကသိုလ်အတွက် ရေးဆွဲထားရှိခြင်း၊ တက္ကသိုလ်ပဋိညာဉ် စာတမ်းနှင့်အညီ တက္ကသိုလ်၏ ပညာသင်ကြားသင်ယူခြင်း၊ စာမေးပွဲစစ်ဆေးခြင်း၊ သုတေသနကိစ္စရပ်များ၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အတည်ပြုခြင်း၊ ဘွဲ့ဒီဂရီများ၊ ဒီပလိုမာများ၊ အောင်လက်မှတ်များနှင့် ပညာရေး ဆိုင်ရာထူးချွန်ဆုများ အတည်ပြုခြင်းနှင့် အပ်နှင်းခြင်း၊ ကျောင်းသားဆိုင်ရာ စည်းမျဉ်းစည်းကမ်း သတ်မှတ်ခြင်းစသည့် တက္ကသိုလ်ပညာရေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို စီမံဆောင်ရွက်ခြင်း၊ ညွှန်ကြားခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ရန် တက္ကသိုလ်ပညာရေးအဖွဲ့ကို ဖွဲ့စည်းထားရှိသည်။ တက္ကသိုလ်ပညာရေးအဖွဲ့သည် တက္ကသိုလ်ကောင်စီအား တာဝန်ခံရမည်။

**၄-၂-၁။ ဖွဲ့စည်းပုံ**

တက္ကသိုလ်ပညာရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းမည်။

| | | |
|---|---|---|
| (၁) | ပါမောက္ခချုပ် | - ဥက္ကဋ္ဌ |
| (၂) | ဒုတိယပါမောက္ခချုပ်များ | - ဒုတိယဥက္ကဋ္ဌများ |
| (၃) | မဟာဌာနမှူးများ | - အဖွဲ့ဝင် |
| (၄) | ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများ | - အဖွဲ့ဝင် |
| (၅) | ဌာနကြီးမှူး (သင်တန်းရေးရာ) | - အဖွဲ့ဝင် |
| (၆) | ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ) | - အဖွဲ့ဝင် |
| (၇) | ဌာနမှူး (သင်တန်းရေးရာ) | - အတွင်းရေးမှူး |

**၄-၂-၂။ တက္ကသိုလ်ပညာရေးအဖွဲ့၏လုပ်ငန်းတာဝန်များ**

(၁) တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့် မဆန့်ကျင်စေဘဲ တက္ကသိုလ်၏ သင်ကြားရေး၊ သုတေသန ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်း၊

(၂) တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ခြင်း၊ တက္ကသိုလ်ပြောင်းရွှေ့ခြင်း၊ ဘာသာရပ် ပြောင်းရွှေ့ ခြင်း၊ နုတ်ထွက်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းနှင့် ထိုစည်းမျဉ်းစည်းကမ်း များနှင့် အညီ အရေးယူခြင်းတို့ကို ဆောင်ရွက်မည်။

(၃) တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအတွက် အဖွဲ့ဖွဲ့စည်းခြင်းကို ဆောင်ရွက်မည်။

(၄) ပြည်တွင်းပြည်ပ ပညာသင်ရွေးချယ်စေလွှတ်ခြင်း၊ လေ့လာရေးခရီးစေလွှတ်ခြင်း၊ သင်တန်း တက်ရောက်စေခြင်း ကိစ္စရပ်များကို ဆောင်ရွက်မည်။

(၅) တက္ကသိုလ်၏ သင်ကြားရေးနှင့် စာမေးပွဲကျင်းပခြင်း၊ အောင်စာရင်းများ ကြေညာပေးခြင်း၊ သုတေသနပြုခြင်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အတည်ပြုခြင်း၊ ဘွဲ့ဒီဂရီ၊ ဒီပလိုမာ၊ အောင်လက်မှတ်နှင့် အခြားပညာရပ်ဆိုင်ရာ ဘွဲ့ဂုဏ်ထူးများ သတ်မှတ်ပေးအပ် ခြင်းနှင့် ပညာရေးဆိုင်ရာ အခြားကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဆုံးဖြတ်ချက်ပြုခြင်း၊ အတည်ပြုခြင်းတို့ကို ဆောင်ရွက်မည်။

(၆) သင့်လျော်သော ပါမောက္ခ/ဌာနမှူး (၂)ဦးနှင့် ပါမောက္ခ (၂)ဦးကို ရွေးချယ်၍ တက္ကသိုလ် ကောင်စီအဖွဲ့ဝင်အဖြစ် အဆိုပြုတင်ပြခြင်းကို ဆောင်ရွက်မည်။

(၇) သင့်လျော်သော အများယုံကြည်လေးစားသည့် ပုဂ္ဂိုလ်(၂)ဦးနှင့် ကျွမ်းကျင်ပညာရှင် (၂)ဦးကို ရွေးချယ်၍ တက္ကသိုလ်ကောင်စီအဖွဲ့ဝင်အဖြစ် အဆိုပြုတင်ပြခြင်းကို ဆောင်ရွက်မည်။ အများ ယုံကြည်လေးစားရသည့် ပုဂ္ဂိုလ် (၂)ဦးကို ရွေးချယ်ရာတွင် မိမိတက္ကသိုလ်အား ပညာရပ်၊ ငွေကြေး၊ ပစ္စည်း၊ လုပ်အား အထောက်အပံ့ပေးနိုင်ပြီး တက္ကသိုလ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် စိတ်အားထက်သန်သူများထဲမှ ရွေးချယ်ရမည်။ ကျွမ်းကျင်ပညာရှင် (၂)ဦးကို ရွေးချယ်ရာတွင် တက္ကသိုလ်တစ်ခုခုမှ အငြိမ်းစားယူပြီး ဖြစ်သော ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ မဟာဌာနမှူး၊ ပါမောက္ခများထဲမှ ရွေးချယ်ရမည်။

(၈) ပြည်တွင်းပြည်ပတက္ကသိုလ်များ၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပညာရပ်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို တက္ကသိုလ်ကောင်စီသို့ တင်ပြ၍ ဆုံးဖြတ်ချက်၊ အတည်ပြုချက်ရယူပြီး တက္ကသိုလ်ကောင်စီ၏ အတည်ပြုချက်ဖြင့် အမျိုးသားပညာရေးဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်မည်။

(၉) မိမိတက္ကသိုလ်၏ သုတေသနရလဒ်များအတွက် မူပိုင်ခွင့်ရရှိရေးဆောင်ရွက်မည်။

(၁၀) တက္ကသိုလ်ပဋိညာဉ်စာတမ်း၊ တက္ကသိုလ်ကောင်စီမှထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများနှင့် မဆန့်ကျင်စေဘဲ တက္ကသိုလ်၏ ပညာရေးဆိုင်ရာ ကိစ္စရပ်များ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ပညာရေးနှင့် စည်းကမ်းပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် တက္ကသိုလ်ပညာရေးအဖွဲ့၏ လုပ်ငန်းတာဝန်အတွင်း ကျရောက်သော အခြားကိစ္စရပ်များ အားလုံးအတွက် အမိန့်များ (orders) နှင့် လုပ်ထုံးလုပ်နည်းများ (procedures) များကို ထုတ်ပြန်နိုင်သည်။

## ၄-၃။ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့

### ၄-၃-၁။ဖွဲ့စည်းပုံ

| | | | |
|---|---|---|---|
| (၁) | ပါမောက္ခချုပ် | - | ဥက္ကဌ |
| (၂) | ဒုတိယပါမောက္ခချုပ်များ | - | ဒုတိယဥက္ကဌများ |
| (၃) | မဟာဌာနမှူးများ | - | အဖွဲ့ဝင် |
| (၄) | ဘာသာရပ်ဆိုင်ရာပါမောက္ခများ (၃) ဦး | - | အဖွဲ့ဝင် |
| (၅) | ဌာနကြီးမှူး (သင်တန်းရေးရာ) | - | အဖွဲ့ဝင် |
| (၆) | ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ) | - | အတွင်းရေးမှူး |

### ၄-၃-၂။ ရွေးချယ်ပုံ

တက္ကသိုလ်၏ စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဌ၊ ဒုတိယဥက္ကဌများ၊ မဟာဌာနမှူးများသည် သင့်လျော်သော ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(၃)ဦးကို တက္ကသိုလ်၏ စီမံခန့်ခွဲရေးအဖွဲ့ဝင်အဖြစ် ရွေးချယ် တာဝန်ပေးအပ်ရမည်။

### ၄-၃-၃။ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးခန့်အပ်ခြင်း

(၁) တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ဝင် တစ်ဦးသည် တာဝန်ထမ်းဆောင်နေစဉ် အကြောင်း တစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် အဖွဲ့မှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်းကို တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့သို့ စာဖြင့်တင်ပြပြီး အဖွဲ့၏ ခွင့်ပြုချက်ဖြင့် နုတ်ထွက်နိုင်သည်။

(၂) တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ဝင် တစ်ဦးဦး ကိုယ်စိတ်နှစ်ပါးအနက် တပါးပါး ထာဝစဉ် ချို့ယွင်းသွားခြင်း၊ တာဝန်ကို ဆက်လက်ထမ်းဆောင်ရန် မသင့်လျော်ကြောင်း တွေ့ရှိပါက အဖွဲ့ဝင် အဖြစ်မှ ရပ်စဲနိုင်သည်။

(၃) တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ဝင် အဖြစ်မှ နုတ်ထွက်ခြင်းကြောင့် ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့် ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ၊ အငြိမ်းစားယူခြင်းကြောင့် ဖြစ်စေ၊ အခြား အကြောင်းတစ်ခုခုကြောင့်ဖြစ်စေ၊ တက္ကသိုလ်စီမံခန့်ခွဲရေး အဖွဲ့ဝင်နေရာ လစ်လပ်လျှင် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့သည် သင့်လျော်သူအား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ခန့်ထား ရမည်။

## ၄-၃-၄။ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၏လုပ်ငန်းတာဝန်များ

(၁) တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်ရေးဆွဲပြီး တက္ကသိုလ်ကောင်စီသို့ တင်ပြရမည်။ တက္ကသိုလ်ကောင်စီ၏ အတည်ပြုချက်ဖြင့် ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

(၂) တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအတွက် နေအိမ်၊ အိမ်ခန်း၊ အဆောင်နေရာချထားပေးရေးအတွက် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်၍ လိုအပ်သောအဖွဲ့များ ဖွဲ့စည်းပြီး တာဝန်ပေးဆောင်ရွက်မည်။

(၃) တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းလခကြေး၊ အဆောင်ကြေးများ၊ တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအတွက် နေအိမ်၊ အိမ်ခန်း၊ အဆောင် အခကြေးငွေများကို သတ်မှတ်ပေးမည်။

(၄) ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို တက္ကသိုလ်ကောင်စီသို့ တင်ပြ၍ ဆုံးဖြတ်ချက်၊ အတည်ပြုချက် ရယူပြီး တက္ကသိုလ်ကောင်စီ၏ အတည်ပြုချက်ဖြင့် တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မည်။

(၅) ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်အတွင်း ဖြစ်ပွားသော စည်းကမ်း ဖောက်ဖျက်မှုများကို တက္ကသိုလ်စည်းမျဉ်းစည်းကမ်းနှင့်အညီ ဖြေရှင်းရန်လိုအပ်သော အဖွဲ့များ ဖွဲ့စည်းပြီး တာဝန်ပေးဝေဆောင်ရွက်မည်။

(၆) ဘဏ္ဍာနှစ်အလိုက် ရသုံးမှန်းခြေငွေစာရင်းများကို အဆိုပြုတင်ပြရန်၊ ကဏ္ဍအလိုက် စနစ်တကျ ခွဲဝေသုံးစွဲနိုင်ရန်နှင့် တက္ကသိုလ်ရန်ပုံငွေ ရှာဖွေသုံးစွဲခြင်းလုပ်ငန်းများကို တက္ကသိုလ်ကောင်စီ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်မည်။

(၇) လုပ်ငန်းအလိုက် ရာထူးအဆင့်များနှင့် တာဝန်ဝတ္တရားသတ်မှတ်ရေး၊ ခန့်ထားရေး၊ ပြောင်းရွှေ့ရေး၊ ရာထူးတိုးမြှင့်ရေး၊ ရာထူးအဆင့်အလိုက် လိုအပ်သော တာဝန်ယူမှုနှင့် တာဝန်ခံနိုင်မှုရှိရေးတို့ကို သတ်မှတ်အရည်အချင်းနှင့် နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့်အညီ ဆောင်ရွက်မည်။

(၈) လုပ်ငန်းအလိုက်ရာထူးမှ ဆိုင်းငံ့ခြင်း၊ ထုတ်ပယ်ခြင်း၊ ထုတ်ပစ်ခြင်းတို့ကို နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် စိစစ်မည်။

(၉) သင်ကြားရေးအထောက်အကူပြုပစ္စည်း၊ ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် ဝယ်ယူမည့် သင်ထောက်ကူပစ္စည်းများ၊ ဆောင်ရွက်မည့်တည်ဆောက်ရေး လုပ်ငန်းများအတွက် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်မည်။

(၁၀) တက္ကသိုလ်ပဋိညာဉ်စာတမ်း၊ တက္ကသိုလ်ကောင်စီမှ ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်း များနှင့် မဆန့်ကျင်စေဘဲ တက္ကသိုလ်၏ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်အတွင်း ကျရောက်သော အခြားကိစ္စရပ်များအားလုံး အတွက် အမိန့်များ(orders) နှင့် လုပ်ထုံးလုပ်နည်းများ (Procedures)များကို ထုတ်ပြန် နိုင်သည်။

## အခန်း(၅)

## အကြီးအကဲများ

### ၅-၁။ ပါမောက္ခချုပ်

တက္ကသိုလ်၏ ပါမောက္ခချုပ်သည် တက္ကသိုလ်၏ အကြီးအကဲဖြစ်သည်။ ၎င်းသည် တက္ကသိုလ်၏ အကြီးအမှူးဖြစ်ပြီး ဘွဲ့ဒီဂရီများကို အပ်နှင်းရမည်။ ပါမောက္ခချုပ်သည် တက္ကသိုလ်ကောင်စီ၊ တက္ကသိုလ် ပညာရေးအဖွဲ့၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့ဖြင့် ဆုံးဖြတ်ရမည့် ကိစ္စရပ်များမှလွဲ၍ ကျန်ကိစ္စရပ်များတွင် ဆုံးဖြတ်ချက်ချ ပိုင်ခွင့်ရှိသူဖြစ်သည်။

#### ၅-၁-၁။ ရွေးချယ်ခန့်အပ်မှုစနစ်

ပါမောက္ခချုပ်ကိုရွေးချယ်ရာတွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ မဟာဌာနမှူးများ၊ ပါမောက္ခများထဲမှ တစ်ဦးကို ရွေးချယ်မည်။ ရွေးချယ်ရာတွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် များ၊ မဟာဌာနမှူးများ၊ သင်တန်းရေးရာဌာနကြီးမှူးနှင့် စီမံဘဏ္ဍာဌာနကြီးမှူးနှင့် အမြဲတမ်း သင်ကြားရေးဝန်ထမ်းတို့၏ များရာဆန္ဒမဲဖြင့် ရွေးချယ်မည်။

#### ၅-၁-၂။ ပါမောက္ခချုပ်၏ သက်တမ်း

ပါမောက္ခချုပ်၏ သက်တမ်းသည် တစ်ကြိမ်လျှင် (၃)နှစ်ဖြစ်သည်။

#### ၅-၁-၃။ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်း၊ အစားထိုးခန့်အပ်ခြင်း

(၁) ရွေးချယ်ထားသော ပါမောက္ခချုပ်သည် တစ်ဆက်တည်း သက်တမ်း နှစ်ခုထက် ပိုမို တာဝန် ထမ်းဆောင်ခွင့်မရှိစေရ။

(၂) ပါမောက္ခချုပ်၏ ရာထူးသက်တမ်း ကုန်ဆုံးပါက မူလသင်ကြားရေးဌာန၏ ပါမောက္ခရာထူး တွင် ပြန်လည်ထမ်းဆောင်ရမည်။

(၃) ပါမောက္ခချုပ်သည် တာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ပါမောက္ခချုပ်အဖြစ်မှ နုတ်ထွက်လိုလျှင် တက္ကသိုလ်ကောင်စီ၏ ခွင့်ပြုချက်ဖြင့် နုတ်ထွက်နိုင်သည်။

(၄) ပါမောက္ခချုပ်သည် ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါး ထာဝစဉ်ချို့ယွင်းသွားခြင်း၊ တာဝန်ကို ဆက်လက်ထမ်းဆောင်ရန် မသင့်လျော်ကြောင်းတွေ့ရှိပါက တက္ကသိုလ်ကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် ပါမောက္ခချုပ် တာဝန်မှ ရပ်စဲနိုင်သည်။

(၅) ပါမောက္ခချုပ် အဖြစ်မှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့် ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ၊ အငြိမ်းစားယူခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ပါမောက္ခချုပ်နေရာလစ်လပ်လျှင် ဖြည့်စွက်ခန့် ထားရမည်။ ထိုအစားထိုးခန့်အပ်သော ပါမောက္ခချုပ်၏ သက်တမ်းသည် ၎င်းအစားထိုးသည့် ပါမောက္ခချုပ်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာဖြစ်သည်။

## ၅-၁-၄။ ဒုတိယပါမောက္ခချုပ်များ

တက္ကသိုလ်တွင် ဒုတိယပါမောက္ခချုပ်များ(၄)ဦး ရှိရမည်။ ၎င်းတို့သည် တက္ကသိုလ်၏ သင်ကြားရေးနှင့် သုတေသန၊ လေ့ကျင့်ရေး၊ စီမံခန့်ခွဲရေးနှင့် နိုင်ငံတကာရေးရာကိစ္စများတွင် တာဝန်ရှိသည်။ ၎င်းတို့သည် ပါမောက္ခချုပ် မရှိသည့်အချိန် သို့မဟုတ် ရာထူးလစ်လပ်နေသည့် အချိန်တွင် ပါမောက္ခချုပ်၏ တာဝန်ဝတ္တရားများကို တစ်ဦးချင်းသော်လည်းကောင်း၊ အတူတကွ သော်လည်းကောင်း ဆောင်ရွက်ရမည်။ အခြားအချိန်များတွင် ဤပြဋ္ဌာန်းစာတမ်းနှင့် သက်ဆိုင်ရာ ညွှန်ကြားချက် အမိန့်များနှင့်အညီ ပါမောက္ခချုပ်က လွှဲအပ်ပေးသော တာဝန်များကိုလည်း ဆောင်ရွက်ရမည်။

## ၅-၁-၅။ ဒုတိယပါမောက္ခချုပ်ရွေးချယ်ပုံ

ဒုတိယပါမောက္ခချုပ်များကို ရွေးချယ်ရာတွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ မဟာဌာနမှူးများ၊ ပါမောက္ခများထဲမှ ရွေးချယ်မည်။ ရွေးချယ်ရာတွင် ဒုတိယပါမောက္ခချုပ်များ၊ မဟာဌာနမှူးများ၊ ပါမောက္ခများ၊ သင်တန်းရေးရာဌာနမှူးနှင့် စီမံ၊ ဘဏ္ဍာဌာနမှူးတို့၏ များရာ ဆန္ဒမဲဖြင့် ရွေးချယ်မည်။

## ၅-၁-၆။ ဒုတိယပါမောက္ခချုပ်၏ သက်တမ်း

ဒုတိယပါမောက္ခချုပ်၏ သက်တမ်းမှာ (၃)နှစ် ဖြစ်သည်။

## ၅-၁-၇။ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်း၊ အစားထိုးခန့်အပ်ခြင်း

(၁) ရွေးချယ်ထားသော ဒုတိယပါမောက္ခချုပ်သည် တစ်ဆက်တည်း သက်တမ်း နှစ်ခုထက် ပိုမို တာဝန် ထမ်းဆောင်ခွင့်မရှိစေရ။

(၂) ဒုတိယပါမောက္ခချုပ်၏ ရာထူးသက်တမ်းကုန်ဆုံးပါက မူလသင်ကြားရေးဌာန၏ ပါမောက္ခရာထူးတွင် ပြန်လည်ထမ်းဆောင်ရမည်။

(၃) ဒုတိယပါမောက္ခချုပ်သည် တာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘော ဆန္ဒအလျောက် ဒုတိယပါမောက္ခချုပ်အဖြစ်မှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း ကို တက္ကသိုလ်ကောင်စီဥက္ကဋ္ဌထံ စာဖြင့်တင်ပြပြီး တက္ကသိုလ်ကောင်စီ၏ ခွင့်ပြုချက်ဖြင့် နုတ်ထွက်နိုင်သည်။

(၄) ဒုတိယပါမောက္ခချုပ် တစ်ဦးဦးသည် ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါး ထာဝစဉ် ချို့ယွင်း သွားခြင်း၊ တာဝန်ကို ဆက်လက်ထမ်းဆောင်ရန် မသင့်လျော်ကြောင်း တွေ့ရှိပါက တက္ကသိုလ်ကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် ဒုတိယပါမောက္ခချုပ် တာဝန်မှ ရပ်စဲနိုင်သည်။

(၅) ဒုတိယပါမောက္ခချုပ်အဖြစ်မှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့် ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အငြိမ်းစားယူခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ ဒုတိယပါမောက္ခချုပ်နေရာ လစ်လပ်လျှင် ဖြည့်စွက်ခန့်ထားရမည်။ ထိုအစားထိုးခန့်အပ်သော ဒုတိယပါမောက္ခချုပ်၏ သက်တမ်းသည် ၎င်းအစားထိုးသည့် ဒုတိယပါမောက္ခချုပ်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်သည်။

## အခန်း(၆)

## အသိအမှတ်ပြုတက္ကသိုလ်များနှင့် တွဲဖက်တက္ကသိုလ်များ

တက္ကသိုလ်သည် ပြည်တွင်းပြည်ပတက္ကသိုလ်များ၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပညာရပ် ဆိုင်ရာ ဆက်သွယ်ခြင်း၊ ပေါင်းစပ်ဖွဲ့စည်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တက္ကသိုလ်ကောင်စီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။ တက္ကသိုလ်နှင့် ဆက်သွယ်ပေါင်း စပ်ပြီးဖြစ်သည့် တက္ကသိုလ်များ၊ အခြားပညာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အသစ်ထပ်မံဆက်သွယ် ပေါင်းစပ်မည့်တက္ကသိုလ်များနှင့် အခြားပညာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ဆက်သွယ် ပေါင်းစပ်မှုပြုလုပ်ခြင်း သို့မဟုတ် ဆက်သွယ် ပေါင်းစပ်မှုမှ ရပ်ဆိုင်းခြင်းဆိုင်ရာ ကိစ္စရပ်များတွင် တက္ကသိုလ်ကောင်စီက သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်မည်။

## အခန်း(၇)

## တက္ကသိုလ်၏လုပ်ပိုင်ခွင့်များ (Powers of the University)

### ၇-၁။ တက္ကသိုလ်ဝင်ခွင့်နှင့်သင်တန်းအစီအစဉ်

#### ၇-၁-၁။ တက္ကသိုလ်ဝင်ခွင့်

တက္ကသိုလ်ဝင်ခွင့်အတွက် သက်ဆိုင်ရာ ဘာသာရပ်အလိုက် လိုအပ်မည့် သတ်မှတ်ချက်များကို လည်းကောင်း၊ လက်ခံနိုင်မည့် ကျောင်းသား၊ ကျောင်းသူဦးရေကိုလည်းကောင်း စသည့် တက္ကသိုလ်ဝင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းများကို တက္ကသိုလ် ပညာရေးအဖွဲ့က သတ်မှတ်ဆောင်ရွက်မည်။ ထိုသို့ဆောင်ရွက်နိုင်ရန် တက္ကသိုလ်ဝင်ခွင့် စိစစ် ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်မည်။

#### ၇-၁-၂။ သင်တန်းအစီအစဉ်

ပညာသင်နှစ်အလိုက် နှစ်စဉ်ပုံမှန် သင်တန်းများ ဖွင့်လှစ်မည်။ ဒေသလိုအပ်ချက်၊ ပညာရပ်ဆိုင်ရာ လိုအပ်ချက်အရ တိုးချဲ့ဖွင့်လှစ်လိုသော ပညာရပ်နယ်ပယ်နှင့် သင်တန်းများကို တက္ကသိုလ်ကောင်စီ ၏ အတည်ပြုချက်ဖြင့် ဖွင့်လှစ်နိုင်ခွင့်ရှိသည်။ ဘာသာရပ်အလိုက်ဘွဲ့ အသီးသီးအတွက် ပညာသင် ကာလနှင့် အခြားသတ်မှတ်ချက်များကို တက္ကသိုလ်ပညာရေးအဖွဲ့မှ ဆုံးဖြတ်သတ်မှတ် ပိုင်ခွင့်ရှိရ မည်။

### ၇-၂။ သင်ကြားရေးနှင့် ပတ်သက်သော လုပ်ပိုင်ခွင့်များ

သင်ကြားရေးနှင့်ပတ်သက်သော လုပ်ပိုင်ခွင့်များမှာ-

(က) တက္ကသိုလ်သည် သင်ကြားခြင်း၊ သုတေသနပြုခြင်းနှင့် စာမေးပွဲစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခြင်း၊ ပညာတိုးပွားရေးနှင့် သုတေသနရလဒ်များဖြန့်ချိရေးအတွက် စီမံထား ရှိခြင်း။

(ခ) နိုင်ငံခြားပညာတော်သင်ဆု တက္ကသိုလ်ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ဆုနှင့် အခြား ပညာချွန်ဆုများကို စီမံထားရှိချီးမြှင့်ခြင်း။

(ဂ) ဆရာ၊ဆရာမများ အရည်အသွေးမြင့်တင်ရန် ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များနှင့် ပူးတွဲ လုပ်ဆောင်သည့် ပညာရပ်ဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်းကို တက္ကသိုလ်ကောင်စီမှ သတ်မှတ်သော စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) ဆရာ၊ ဆရာမများအပါအဝင် တက္ကသိုလ်ပညာဆည်းပူးနေသူတိုင်းအား နိုင်ငံအကျိုးပြု သုတေသနများ ပြုလုပ်ရန်တွန်းအားပေးခြင်း ထွက်ပေါ်လာသော ရလဒ်အပေါ်မူတည်၍ ဂုဏ်ပြု ချီးမြှင့်ခြင်းများ ပြုလုပ်ပေးခြင်း၊

(င) တက္ကသိုလ်၏ ပညာရပ်ဆိုင်ရာသုတေသနများ၊ အခြားပညာရပ်ဆိုင်ရာ စာပေများ ပုံနှိပ် ထုတ်ဝေခြင်း၊

(စ) နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများပြဋ္ဌာန်းခြင်း၊ သင်ကြားခြင်း၊ စစ်ဆေး အကဲဖြတ်ခြင်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း

(ဆ) ပြည်တွင်းပြည်ပတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များတွင် လွတ်လပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ပြည်တွင်းပြည်ပ လုပ်ငန်းများနှင့် ချိတ်ဆက်၍ လက်တွေ့ကွင်းဆင်း လေ့လာခြင်း၊ Internship/ Industrial Training/Project များပြုလုပ်စေခြင်းများဆောင်ရွက်ခြင်း၊

## ၇-၃။ စီမံ၊ ဘဏ္ဍာနှင့်ပတ်သက်သော လုပ်ပိုင်ခွင့်များ

စီမံ၊ ဘဏ္ဍာနှင့်ပတ်သက်သော လုပ်ပိုင်ခွင့်များမှာ -

(က) နိုင်ငံတော်မှ ခွဲဝေချထားသည့် လက်ရှိ ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်)အစား တစ်လုံးတစ်ခဲတည်း ထောက်ပံ့ငွေ (Grant) ရယူသည့် တက္ကသိုလ်ကိုယ်ပိုင်ရန်ပုံငွေ စနစ်ကို အသုံးပြုမည်။

(ခ) တက္ကသိုလ်မှ ဖွင့်လှစ်သောသင်တန်းများမှ ရငွေများ၊ တက္ကသိုလ်ပိုင်စီးပွားရေး လုပ်ငန်းမှ ရရှိသော ငွေများကို တက္ကသိုလ်ကိုယ်ပိုင်ရန်ပုံငွေသို့ ပေးသွင်းမည်။

(ဂ) ပညာရေးနှင့် ပတ်သက်သော သုတေသနရန်ပုံငွေကို အစိုးရနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့ထံမှ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြတောင်းခံရမည်။

(ဃ) နိုင်ငံတော်အစိုးရထံမှ စည်းကမ်းချက်ဖြင့် လက်ခံရရှိသော ဘဏ္ဍာငွေကြေးများကို သတ်မှတ် စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ လက်ခံသုံးစွဲရန်တို့ဖြစ်သည်။

## ၇-၄။ အခြား လုပ်ပိုင်ခွင့်များ

(က) တက္ကသိုလ်ဘွဲ့များ၊ ဒီပလိုမာလက်မှတ်များ၊ တက္ကသိုလ်အောင်လက်မှတ်များအပြင် တက္ကသိုလ်ဆိုင်ရာ အခြားပညာဂုဏ်များကို တက္ကသိုလ်က ထုတ်ပြန်ထားသော စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဘွဲ့အဖြစ်သော်လည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့ အဖြစ်သော်လည်း ကောင်းအပ်နှင်းရန်။ ထို့အပြင် အပ်နှင်းပြီးဖြစ်သော ဘွဲ့ဒီဂရီများကို ပြန်လည်ရုပ်သိမ်း သင့်သော လုံလောက်သည့် အကြောင်းများရှိပါက ပြန်လည် ရုပ်သိမ်းရန်၊

(ခ) အထက်အပိုဒ်တွင် ဖော်ပြပါရှိသောဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာလက်မှတ်၊ အောင်လက် မှတ်များနှင့် အခြားပညာရပ်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၏ အတိုကောက် သင်္ကေတများ သတ်မှတ်ပေးရန်၊

(ဂ) တက္ကသိုလ်ကောင်စီ၏ ချမှတ်သောမူဝါဒများနှင့် မဆန့်ကျင်စေဘဲ တက္ကသိုလ်၏ ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် အခြားပုဂ္ဂလိကပိုင် သို့မဟုတ် အများပိုင်တက္ကသိုလ်များနှင့် သော်လည်းကောင်း၊ အခြားအဖွဲ့အစည်းများနှင့် သော်လည်းကောင်း ပူးပေါင်း ဆောင်ရွက်ရန်၊

(ဃ) တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ရန်၊ ကျောင်းသားများ၏ နေထိုင်ရေး၊ စည်းကမ်းသေသပ်ရေးတို့ကို ကြီးကြပ် အုပ်ချုပ်ရန်နှင့် ကျောင်းသားများ၏ ကျန်းမာရေးတွက် စီမံဆောင်ရွက်ရန်၊

(င) တက္ကသိုလ်ရှိ သင်ကြား၊ စီမံ၊ သုတေသနဝန်ထမ်းများ ခန့်ထားခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ ရပ်ဆိုင်းခြင်းနှင့် ပတ်သက်သော ကိစ္စရပ်များအတွက် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ရန်၊

(စ) တက္ကသိုလ်၏ရံပုံငွေများ ပိုမိုရရှိစေရန်နှင့် ရှိပြီးရန်ပုံငွေများ ပိုမိုတိုးတက်စေရန်အတွက် တက္ကသိုလ်က သင့်တော်သည်ဟုယူဆသော လုပ်ငန်းများကို အခါအားလျော်စွာဆောင် ရွက်ရန်၊

(ဆ) တက္ကသိုလ်၏ သင်ကြားရေးနှင့် စီမံရေးရာကိစ္စရပ်များကို အထောက်အပံ့ပြုသည့် အဖွဲ့ အစည်းများကို တည်ထောင်ရန်နှင့် ၎င်းတို့အတွက် လိုအပ်သော အဆောက်အဦများကို ဆောက်လုပ်ရန်၊ မွမ်းမံရန်၊ ထောက်ပံ့ထိန်းသိမ်းရန်၊

(ဇ) တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၏ ညွှန်ကြားချက်အမိန့်များနှင့်အညီ သင်တန်းကြေး၊ အဆောင် ကြေးနှင့် အခကြေးငွေများကို သတ်မှတ်ကောက်ခံရန်၊

(ဈ) တက္ကသိုလ်အား အထောက်အကူဖြစ်စေရန် ပညာရေး၊ သုတေသနလုပ်ငန်းများနှင့်အခြား လုပ်ငန်းများအတွက် သေတမ်းစာထားခဲ့သူများက ဖြစ်စေ၊ အလှူရှင်များကဖြစ်စေ၊ လွှဲ ပြောင်းပေးအပ်သူများကဖြစ်စေ လွှဲပြောင်းပေးအပ်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မပြောင်းမရွှေ့နိုင်သော ပစ္စည်းများကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လက်ခံသုံးစွဲရန်နှင့် ပိုလျှံသောငွေကြေးနှင့် ပစ္စည်းများကို စည်းကမ်းသတ်မှတ်ချက်များ နှင့်အညီရင်းနှီးမြှုပ်နှံရန်၊

(ည) တက္ကသိုလ်၏ ရည်ရွယ်ချက်များကို အောင်မြင်စေရန် လိုအပ်သော အခြားကိစ္စရပ်များက ဆောင်ရွက်ရန်။

(ဋ) မိမိတို့တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံ့ ဝန်ထမ်း နည်းဥပဒေအခန်း(၁၀)နှင့်အညီ ဌာန၏ခွင့်ပြုနိုင်သော ကာလအပိုင်းအခြား အတွင်း ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ကုမ္ပဏီများသို့ ယာယီသွားရောက် လုပ်ကိုင် ခွင့်ပေးရန်တို့ ဖြစ်သည်။

## အခန်း(၈)

## ပညာရေးဆိုင်ရာ အရည်အသွေးစိစစ်အကဲဖြတ်ခြင်းနှင့် လေ့လာသုံးသပ်ခြင်း
## (Qualification, Evaluation and Monitoring)

ပညာရေးဆိုင်ရာ စံနှုန်းများနှင့် အရည်အသွေးအဆင့်အားလုံး တိုးတက်မြင့်မားမှုအတွက် အာမခံရန် ပညာရေးဆိုင်ရာ အရည်အသွေး အာမခံစနစ်တစ်ခုထားရှိရမည်။ အရည်အသွေး အာမခံချက်အတွက် စနစ်၊ စံနှုန်းနှင့် နည်းလမ်းများကို နိုင်ငံတကာတက္ကသိုလ်များတွင် ကျင့်သုံးလျက်ရှိသော စည်းမျဉ်း၊ စည်းကမ်းများ

နှင့်အညီ သတ်မှတ်ပြဋ္ဌာန်းရမည်။ ဌာနတွင်းအရည်အသွေး အာမခံချက်ကို ပညာရေးဆိုင်ရာ အုပ်ချုပ်ရေး လုပ်ငန်း၏ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် အစိတ်အပိုင်း တစ်ရပ်အဖြစ် မှတ်ယူရမည်။ တက္ကသိုလ် ကောင်စီက ဖွဲ့စည်းပေးသော တက္ကသိုလ်တွင်း ပညာရေးဆိုင်ရာ အရည်အသွေး စိစစ်အကဲဖြတ် အဖွဲ့က တက္ကသိုလ်တွင်း အရည်အသွေး အာမခံမှုလုပ်ငန်းကို ဆောင်ရွက်မည်။

အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုကော်မတီ၏ ပြင်ပအရည်အသွေး အကဲဖြတ်မှုကို ခံယူရမည်။ ယင်းသို့ ခံယူရာတွင် လိုအပ်သော အထောက်အထားများနှင့် တက္ကသိုလ်၏ သတင်းအချက်အလက်များကို ပြင်ဆင်ဆောင်ရွက်ပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုပြုရမည်။

အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုကော်မတီ၏ ပညာရေးဆိုင်ရာ ပြင်ပအရည်အသွေးအကဲဖြတ်ရလဒ်များသည် လိုအပ်သောစံနှုန်းများ ပြည့်မီခြင်း မရှိဟုတင်ပြလာပါက ယင်းကော်မတီက သတ်မှတ်ထားသောအချိန်အတွင်း စံနှုန်းများပြည့်မီရေးအတွက် ဆောင်ရွက်ရမည်။ မိမိ ပြင်ဆင်ဆောင်ရွက်ချက်များကို အများပြည်သူ သိရှိစေရေးအတွက် ဆောင်ရွက်မည်။

## အခန်း(၉)

## တက္ကသိုလ်တွင်းအဖွဲ့အစည်းများ (Inter-University Organizations)

တက္ကသိုလ်တွင် ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ထမ်းဆောင်နေ သော ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများသာ ပါဝင်သော ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ၊ ပညာရပ်၊ ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ၊ လူမှုရေးဆိုင်ရာအသင်းအဖွဲ့များနှင့် အားကစားဆိုင်ရာ၊ ကျောင်း အကျိုးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းကို တည်ဆဲအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေနှင့် မဆန့်ကျင် စေပဲ အခါအားလျော်စွာ ဖွဲ့စည်းနိုင်သည်။ အသင်းအဖွဲ့များ တက္ကသိုလ်၏ ဆရာ၊ ကျောင်းသားအဖွဲ့များ ဖွဲ့စည်းရာတွင် တက္ကသိုလ်ကောင်စီက သတ်မှတ်သော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုချက် တောင်းခံ၍ ဖွဲ့စည်းဆောင်ရွက်ရမည်။ တက္ကသိုလ်အဆင့် အဖွဲ့အစည်းမဟုတ်ဘဲ မြို့နယ်အဆင့်၊ တိုင်း အဆင့် ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းပါက တည်ဆဲအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ လက်ရှိ တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းရမည်။

## အခန်း(၁၀)

## တန်းတူအခွင့်အရေး

တက္ကသိုလ်၏ပညာရေးဆိုင်ရာကိစ္စရပ်များနှင့် စီမံရေးဆိုင်ရာကိစ္စရပ်များကိုဆောင်ရွက်ရာ တွင်လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊အမျိုးသမီး၊ အသက်အရွယ်၊ အသားအရောင်၊ ဆင်းရဲချမ်းသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အိမ်ထောင်ရေးအခြေအနေ၊ မသန်စွမ်းဖြစ်မှု အခြေအနေစသည်တို့အပေါ်မူတည်၍ ခွဲခြားဆက်ဆံခြင်းမပြု။

**အခန်း(၁၁)**

**သုတေသန (Research)**

သုတေသနဌာနသည် သုတေသနလုပ်ငန်းဆိုင်ရာ မူဝါဒနှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူဝါဒများ ချမှတ်၍ သုတေသနလုပ်ငန်းများကို ဌာနမှူးမှ ဦးဆောင်၍ဆောင်ရွက်မည်။

တက္ကသိုလ်သည်မိမိ၏ သုတေသနရလဒ်များအတွက် မူပိုင်ခွင့်ရရှိရေး ဆောင်ရွက်ရမည်ဖြစ်ပြီး သုတေသနလုပ်ငန်းများအတွက် သီးသန့်ရန်ပုံငွေ တစ်ရပ်ထူထောင်ထားရှိမည်။

**အခန်း(၁၂)**

**ပြည်တွင်းပြည်ပမှ အခြားတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

တက္ကသိုလ်သည် မိမိတက္ကသိုလ်၏ အဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူတို့၏ အရည်အသွေး မြင့်မားစေရေးအတွက် တက္ကသိုလ်အား အကျိုးဖြစ်ထွန်းစေသော ပူးပေါင်းဆောင်ရွက်မှုများကို ပြည်တွင်း ပြည်ပရှိ တက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် လည်းကောင်း၊ ပညာရေးနှင့် သုတေသနဖွံ့ဖြိုး တိုးတက်မှုကို ပံ့ပိုးပေးလျက်ရှိသော ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် လည်းကောင်း ပူးပေါင်းဆောင်ရွက်မည်။

**အခန်း(၁၃)**

**ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းဥပဒေများ၊ အမိန့်ပြန်တမ်းများနှင့် တည်ဆဲအမိန့်များ ထုတ်ပြန်ခြင်း**

တက္ကသိုလ်ကောင်စီ၊ တက္ကသိုလ်ပညာရေးအဖွဲ့၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့သည် တက္ကသိုလ်ဆိုင်ရာကိစ္စအရပ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ကြေညာခြင်း ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ဖျက်သိမ်းခြင်းများပြုလုပ်နိုင်သည်။

**အခန်း(၁၄)**

**ဘဏ္ဍာရေး**

တက္ကသိုလ်ကောင်စီသည် ကိုယ်ပိုင်ဘတ်ဂျက်ကို ရေးဆွဲခြင်း၊ ဖြည့်တင်းခြင်း၊ စုစည်းခြင်းနှင့် အစီရင်ခံခြင်းတို့ကို လုပ်ဆောင်၍ ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို လွတ်လပ်စွာ စီမံခန့်ခွဲမှုပြုနိုင်သည်။

-အထူးကန့်သတ်-

တက္ကသိုလ်သည် ပြည်တွင်း၊ ပြည်ပရှိ တရားဝင်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် အလှူရှင်များ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများနှင့် နိုင်ငံတော်၏ ငွေကြေးဆိုင်ရာ ထောက်ပံ့ငွေများကိုလည်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဥပဒေနှင့်အညီ လွတ်လပ်စွာသုံးစွဲခွင့်၊ ရန်ပုံငွေရှာဖွေ သုံးစွဲခွင့်၊ ရန်ပုံငွေတိုးပွားအောင် ဆောင်ရွက်ခွင့်ရှိသည်။

သုတေသနလုပ်ငန်း၊ အတိုင်ပင်ခံလုပ်ငန်း၊ တီထွင်ဖန်တီးခြင်းနှင့် သက်ဆိုင်ရာ မူပိုင်ခွင့် အခွင့်အရေး များမှ တက္ကသိုလ်ပိုင်ငွေအဖြစ် ရှာဖွေနိုင်သည်။ ရှာဖွေရရှိသောငွေများကို အမျိုးသားပညာရေးဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ကိုယ်ပိုင်ရန်ပုံငွေ ထူထောင်ဆောင်ရွက်မည်။

ဘဏ္ဍာရေးအဖွဲ့ငွေစာရင်းများ၊ ရန်ပုံငွေစာရင်းများနှင့် သုံးစွဲငွေစာရင်းများကို တစ်နှစ် တစ်ကြိမ်ကျ နိုင်ငံတော်အစိုးရမှ ခန့်အပ်ထားသည့် စာရင်းစစ်အရာရှိမှ စစ်ဆေးခွင့် ရှိစေရမည်။

တက္ကသိုလ်သည် နိုင်ငံတော်က ခွဲဝေချထားသည့် ဘဏ္ဍာငွေနှင့် အခြားနည်းဖြင့် ရရှိသော ကိုယ်ပိုင် ရန်ပုံငွေများကို တည်ဆဲ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲရမည်။ အများပြည်သူ ထင်သာမြင် သာရှိစေရေး ဆောင်ရွက်မည်၊ သတ်မှတ်ချက်များနှင့်အညီ အစစ်အဆေး ခံယူနိုင်ရမည်။

## အခန်း(၁၅)

## ပဋိညာဉ်စာတမ်းကိုပြင်ဆင်ခြင်း

တက္ကသိုလ်ပဋိညာဉ်စာတမ်းကို ပြင်ဆင်လိုပါက တက္ကသိုလ်ကောင်စီ အဖွဲ့ဝင်တစ်ဦးဦးသည် ပြင်ဆင်လိုသော အချက်ကို တက္ကသိုလ်ကောင်စီအစည်းအဝေးတွင် တင်ပြပြီး အစည်းအဝေး တက်ရောက် သူကောင်စီ အဖွဲ့ဝင်များ၏ သုံးပုံနှစ်ပုံမဲစနစ်ဖြင့် ဆုံးဖြတ်အတည်ပြုပြင်ဆင်ရမည်။ ယင်းကဲ့သို့ ပြောင်းလဲ ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့သည် သတ်မှတ်ထားသော နည်းလမ်းအတိုင်း လက်မှတ်ရေးထိုးပြီး သည့် အခါမှသာလျှင် စတင်အကျိုးသက်ရောက်မည်ဖြစ်ပြီး ထိုအခါမှသာ အဆိုပါ ပြောင်းလဲပြင်ဆင် ဖြည့်စွက်ချက်တို့သည် မူလပဋိညာဉ်စာတမ်းတွင် ပါဝင်ဖော်ပြထားသကဲ့သို့ အကျိုးသက် ရောက်မည် ဖြစ်သည်။